ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီဌာန

**လူထုဗဟိုပြုစီမံကိန်း**

**National Community Driven Development Project**

**(NCDDP)**



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

Village Development Plan (VDP)

ကြံခင်းမြို့နယ်

၂၀၁၈ ခုနှစ်

ရေနံတောင်ကျေးရွာအုပ်စု၊ ရေနံတောင်ကျေးရွာ

# မာတိကာ


၁။ မြို့နယ်မြေပုံ

၂။ ကျေးရွာမြေပုံ(တည်နေရာ)

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၄။ ကျေးရွာအခြေခံအချက်အလက်များ

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီ အတွက် သုံးသပ်ချက်များ

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ

၈။ ကော်မတီဝင်များ စာရင်း

၉။ ကျေးရွာအခြေခံအချက်အလက်များ (ပုံစံ-၁)

၁၀။ စီမံကိန်းစက်ဝန်း အချိန်ဇယား (ပုံစံ-၂)


၁၁။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၂။ စီမံကိန်းလုပ်ငန်းခွဲ ရွေးချယ်ခြင်း(ပုံစံ-၄)

၁၃။ အစည်းအဝေးမှတ်တမ်းများ

၁၄။ ကဏ္ဍအလိုက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

## ၁။ မြို့နယ်မြေပုံ




မြို့နယ်မြေပုံ

၂။ ကျေးရွာတည်နေရာပြမြေပုံ




ကျေးရွာတည်နေရာပြမြေပုံ

## ၃။အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း

ရေနံတောင်ကျေးရွာအုပ်စုတွင် ပါဝင်သောကျေးရွာများစာရင်းများမှာ-

၁။ ငွေးတောက်ကုန်းကျေးရွာ

၂။ ကြည်တိုင်ကွင်းကျေးရွာ

၃။ ရေငံကျေးရွာ

၄။ အေးချမ်းမာလာကျေးရွာ

၅။ လက်ပံခုံကျေးရွာ

၆။ ကဒူးခုံကျေးရွာ

၇။ ရေနံတောင်ကျေးရွာ

၈။ သိမ်ကုန်းကျေးရွာ

၉။ ညောင်ပိုင်းကျေးရွာ

၁၀။ ညောင်ကုန်းကျေးရွာ

၁၁။ ကွင်းလျားလေးကျေးရွာ

၁၂။ ကွင်းလျားကြီးကျေးရွာ ဟူ၍

ရေနံတောင်ကျေးရွာ အုပ်စုတွင် ကျေးရွာပေါင်း (၁၂) ရွာဖြင့် ဖွဲ့စည်းထားပါသည်။

## ၄။ကျေးရွာအခြေခံအချက်အလက်များ

ရေနံတောင်ကျေးရွာအုပ်စု
ရေနံတောင်ကျေးရွာ

ရေနံတောင်ကျေးရွာ၏ အရှေ့တောင်ဘက် ၇ မိုင်ခန့်အကွာတွင် နတ်မီးတောင် (ခေါ်) ရေနံထွက်ရှိသောတောင်ကို အစွဲပြု၍ ရေနံတောင်ဟုခေါ်တွင်ခြင်းဖြစ်ကြောင်း သိရပါသည်။ မြန်မာသက္ကရာဇ် ၁၁၇၇ ခုနှစ်တွင် ရွာစတင်တည်ခဲ့ပြီး နှစ်ပေါင်းများစွာ သက်တမ်းရှိသော ရွာတစ်ရွာဖြစ်ပါသည်။ ရွာစတင်တည်စဉ်က အိမ်ခြေ (၁၀၀) ခန့် ရှိပါသည်။ ရွာစတင်တည်စဉ်ကပင် ချင်းလူမျိုးများနှင့် ဗမာလူမျိုးများ နေထိုင်ခဲ့ကြပြီး ယခုအခါ ချင်း၊ ဗမာ၊ ကရင်၊ ရခိုင် လူမျိုးများ နေထိုင်လျက်ရှိပါသည်။ အများစုမှာ ဗမာလူမျိုးများဖြစ်ပြီး ဒုတိယအများစုမှာ ချင်းလူမျိုးများဖြစ်သည်။ ကရင်နှင့် ရခိုင်မှာ လူနည်းစုဖြစ်သည်။

လူမျိုးအများစုမှာ လယ်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်းပြု၍ လုပ်ကိုင်နေထိုင်ကြပါသည်။ မိုးရာသီတွင် လယ်၊ တောင်ယာလုပ်ငန်းများ လုပ်ကိုင်ကြပြီး ဆောင်းရာသီတွင် မြေပဲ၊ မတ်ပဲများ စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ လယ်ယာ၊ ကိုင်းကျွန်းလုပ်ငန်းများကို ရိုးသားစွာ လုပ်ကိုင်လျက်ရှိကြပါသည်။ ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာများကို ကိုးကွယ်ကြပြီး ခရစ်ယာန်ကျောင်း (၃) ကျောင်းနှင့် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်း (၁) ကျောင်း တည်ရှိပါသည်။

ပညာရေးအတွက် အ.မ.က ကျောင်း (၁) ကျောင်းနှင့် အ.ထ.က ကျောင်းတစ်ကျောင်း တည်ရှိပြီး ရေနံတောင်အုပ်စုနှင့်ရေနံတောင်အုပ်စု၏ အနီးပတ်ဝန်းကျင်အုပ်စုရွာမှ ကျောင်းသား/သူများလည်း လာရောက် ပညာသင်ကြားကြပါသည်။

ကျန်းမာရေးအတွက် အုပ်စုရွာဖြစ်သောကြောင့် ကျေးလက်ဆေးပေးခန်း ဖွင့်လှစ်ထားပြီး ရေနံတောင်အုပ်စုနှင့် အနီးအနားရွာများမှလည်းလာရောက်ပြီး ကျန်းမာရေးစောင့်ရှောက်မှုခံယူကြကြောင်း သိရှိရပါသည်။ ကျန်းမာရေးအတွက် အရေးကြီးလျှင် ကျေးရွာအုပ်စုနှင့်အတော်ဝေးကွာသော ဘက်ရဲပြည်သူဆေးရုံ၊ ကြံခင်းပြည်သူ့ဆေးရုံများသို့ သွားရောက်ဆေးကုသမှုခံယူကြရပါသည်။

ရွာသူ/သားများသည် ရိုးသားပွင့်လင်းကြပြီး ရင်းနီးဖော်ရွေကြသောသူများ ဖြစ်ပါသည်။ ရွာသူ/သားများသည် မိမိတို့၏ ကျေးရွာလေးကို အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လိုသော စိတ်ဆန္ဒများလည်း ရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာမှ ခေါင်းဆောင်များ၏ ဦးဆောင်မှုကောင်းခြင်း၊ ရွာသူ ရွာသားများ၏ စည်းလုံးညီညွတ်မှုအားကောင်းခြင်း၊ လူမျိုးကွဲများရှိသော်လည်း အချင်းချင်းသွေးစည်းခြင်း၊ ဒေသဖွံ့ဖြိုးရေးကို စိတ်အားထက်သန်ကြောင်းများကိုလည်း တွေ့ရှိခဲ့ရပါသည်။

| ၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA)အကျဉ်းချုပ် | | | | | | | |
|---|---|---|---|---|---|---|---|
| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
| | | | | ကျား | မ | ပေါင်း | |
| ၁။ | လူမှုနှင့်သဘာဝ အရင်းအမြစ်ပြမြေပုံ | 17.12.2016 | ရပ်မိရပ်ဖ ကော်မတီဝင်များ ရပ်ရွာလူထုများ | 9 | 4 | 13 | -ဒေသတွင်း သဘာဝအရင်းအမြစ်များ<br>-လူမှုအဆောက်အအုံများ<br>-ဘာသာရေး အဆောက်အဦများ<br>-လမ်းပန်းဆက်သွယ်ရေးများ |
| ၂ | ရာသီခွင်ပြ ပြက္ခဒိန် | 17.12.2016 | ကော်မတီဝင် များနှင့် ရပ်ရွာလူထုများ | 8 | 5 | 13 | -ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊လ အလိုက်ဝင်ငွေများ၊အလုပ်အကိုင်အ ခွင့်အလမ်းများ၊ပွဲတော်များ၊သဘာဝ ဘေးများ၊လယ်ယာလုပ်ငန်းနှင့် အခြား လုပ်ငန်းများ |
| ၃ | ဥစ္စာဓနအဆင့် သတ်မှတ်ခြင်း | 17.12.2016 | ချမ်းသာ၊အလယ် အလတ်၊နွမ်းပါး အလွန်နွမ်းပါးအုပ်စု | 8 | 5 | 13 | -ကျေးရွာလူမှုစီးပွားအုပ်စုများ၊ခွဲခြား သတ်မှတ်နိုင်ရေး<br>-အဆင့်အလိုက် အခြေခံစံနှုန်းများ၊ အများသဘောတူ သတ်မှတ်နိုင်ရေး<br>-ကျေးရွာ၏ လူမှုစီးပွားရေး |
| ၄ | အဖွဲ့အစည်းချိတ် ဆက်မှုပြမြေပုံ | 17.12.201 | ကျေးရွာအုပ်ချုပ်ရေး အဖွဲ့၊အခြားအဖွဲ့ တွင်ပါဝင်သူများ | 15 | 26 | 41 | -ကျေးရွာတွင်း၊ပြင်ပရှိအဖွဲ့အစည်းများ မည်ကဲ့သို့ ချိတ်ဆက်ဆောင်ရွက်နေပုံ |
| ၅ | ပင့်ကူအိမ်ကွန်ယက် | 17.12.2016 | ကျေးရွာရှိအမျိုးသား များနှင့်အမျိုးသမီး များ | 11 | 8 | 19 | -နေ့စဉ်ဘဝအတွက်ဆောင်ရွက်မှုတွင် အမျိုးသားနှင့်အမျိုးသမီးတို့ပါဝင်မှု အချိုး၊အမျိုးသားနှင့်အမျိုးသမီးတို့ တန်းတူအခွင့်အရေးရရှိမှု သုံးသပ်ချက် |
| ၆ | အရင်းအမြစ်များအ ပေါ်အသုံးချနိုင်မှု လွှမ်းမိုးမှုနှင့်ဆုံးဖြတ် ချက်ချနိုင်မှု | 17.12.2016 | ကျေးရွာအမျိုးသား များနှင့်အမျိုးသမီး များ | 8 | 15 | 23 | -အရင်းအမြစ်များပေါ်တွင်(ကျား/မ)အ သုံးချနိုင်မှု၊ထိန်းချုပ်မှုတွင်မည်သည့်အ ကြောင်းကြောင့်နည်း၊<br>-မည်သို့ညီမျှစွာ ခံစားခွင့်ရမည်နည်း။ |
| ၇ | အခက်အခဲပြဿနာ | 17.12.2016 | ကော်မတီဝင်များနှင့် ရပ်ရွာလူထုများ | 21 | 30 | 51 | -ဒေသဖွံ့ဖြိုးရေးအတွက် အနောက်အ ယှက် အတားအဆီး၊အခက်အခဲများ။<br>- လိုအပ်ချက်များ |
| ၈ | ကျေးရွာမျှော်မှန်း ချက်များ | 17.12.2016 | ကော်မတီဝင်များနှင့် ရပ်ရွာလူထုများ | 21 | 30 | 51 | -ဒေသဖွံ့ဖြိုးရေးအတွက်ဘာတွေမျှော် မှန်းထားသလဲ။<br>-ဘာကြောင့် မျှော်မှန်းထားသလဲ |
| ၉ | ကျေးရွာဦးစားပေးလုပ် ငန်းများ | 20.9.2017 | ကော်မတီဝင်များ ရပ်ရွာလူထုများနှင့် တက်ရောက်သူအားလုံး။ | 21 | 30 | 51 | -အကျိုးပြုလူဦးရေ၊ အကျိုးခံစားခွင့်<br>-လိုအပ်ချက်အဆင့်သတ်မှတ်ခြင်း။ |

**၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော လူမှုဆန်းစစ်၊ အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

**၆။ (က) <u>လူမှုနှင့်သဘာဝအရင်းအမြစ်ပြမြေပုံနှင့် သုံးသပ်ချက်</u>**




**လူမှုနှင့်သဘာဝအရင်းအမြစ်ပြမြေပုံ**

## လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ (ဆွေးနွေးချက်နှင့်ဆန်းစစ်ချက်)

ဒေသတွင်း သဘာဝအရင်းအမြစ်များ

- ကျေးရွာအနီး ပတ်ဝန်းကျင်ရှိ ပန်းတော်ချောင်းကိုလည်းတွေ့ရှိရသည်။ မြေလွတ်မြေလပ်များကို လည်းကောင်း၊ ညီညွတ်မှုမရှိသည့် ရွာတွင်းလမ်းများ၊ ဆက်သွယ်ရေးလမ်းများကိုလည်း တွေ့ရှိရပါသည်။

လူမှုအဆောက်အဦးများ


- ကျေးရွာတွင်  စေတီပုထိုးကျောင်းကန်များရှိခြင်း။ အခြားထူးခြားသည့် အဆောက်အဦများ အဖြစ် ခရစ်ယာန်ဘာသာရေးကျောင်းများရှိခြင်း၊ ကျန်းမာရေးနှင့်ပတ်သက်၍ ကျေးလက်ကျန်းမာရေးဌာန ကိုလည်းတွေ့ရပါသည်။

လမ်းပန်းဆက်သွယ်ရေး

- ဆက်သွယ်ရေးအတွက် လမ်းများရှိသော်လည်း ကောင်းမွန်မှုမရှိကြောင်း၊ ထို့အပြင် မိုးရာသီကာလများတွင် မြို့ပေါ်ဒေသများသို့သွားရောက်ရန် ရေနံတောင်-ဘက်ရဲမြေသား လမ်းကိုသာ အားကိုးနေရခြင်း၊ စသည်တို့ကို ကျေးရွာသူ/သားများမှ ပူပေါင်းလုပ်ဆောင် ပြီး၊ အဖြေရှာ တွေ့ရှိလာနိုင်ခဲ့သည်ကို သုံးသပ်တွေ့ရှိရပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊ အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ခြင်း

၆။(ခ) <u>လူမှုစီးပွားအဆင့်သတ်မှတ်ခြင်းနှင့် သုံးသပ်ချက်</u>



| ရေနံတောင်ကျေးရွာ | ဥစ္စာဓနအဆင့်သတ်မှတ်ချက် | | ၂၇.၁၂.၁၆ |
|---|---|---|---|
| က | ကိုယ်ပိုင်ကား၊ လှေပ်စင်းသုံးဘီး၊ လယ် (၂၀) ဧကအထက်၊ တိုက်အိမ်၊ မြန်ကျက်များ ရှာရှိ၊ ဆိုင်ကယ် (ယိုးဒယား)၊ လက်ကွန်စက်၊ ရိုက်/ခြွေစက်၊ ပါးမြုံ၊ စက်ဘီး၊ TV၊ ရေခဲသေတ္တာ၊ ဆိုလာ | ၁၅ | ၃.၉ % |
| ခ | လယ်ဧက (၂၀) အထက်၊ တိုက်အိမ်၊ မြန်ကျက်များ ရှာရှိ၊ ပါးမြုံ၊ ဆိုင်ကယ် (ယိုးဒယား)၊ စက်ဘီး၊ TV၊ ဆိုလာ | ၄၀ | ၁၀.၆ % |
| ဂ | လယ်နှင့်၊ သွပ်မိုးပျဉ်ထောင်အိမ်၊ ဆိုင်ကယ်၊ စက်ဘီး TV၊ ဆိုလာ | ၂၃၂ | ၆၁.၅ % |
| ဃ | လက်လုပ်လက်စား၊ စက်ဘီး၊ | ၉၀ | ၂၄ % |
| | | ၃၇၇ | ၁၀၀ % |


**လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း**

ဥစ္စာခနေကြွယ်ဝမှုဇယား (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

- ကျေးရွာတွင် လူမှုအဆင့်သတ်မှတ်ရာတွင် (က၊ခ၊ဂ၊ဃ) အဆင့်သတ်မှတ်ပြီးရေးဆွဲခဲ့ သည်။ အဆင့်(က)အိမ်ထောင်စုများသည် ချမ်းသာသောအုပ်စု၊ အဆင့်(ခ)အိမ်ထောင် စုများသည် အသင့်အတင့်အုပ်စု၊အဆင့်(ဂ)အိမ်ထောင်စုများသည် နွမ်းပါးသောအုပ်စု၊ အဆင့်(ဃ) အိမ်ထောင်စု များသည် အလွန်နွမ်းပါးသော အုပ်စုများဟူ၍သတ်မှတ်သည်
- ချမ်းသာသောအုပ်စုမှာ (၁၅)အိမ်ထောင်စု၊ အသင့်အတင့်အုပ်စုမှာ(၄၀) အိမ်ထောင်စု၊ နွမ်းပါးသောအုပ်စုမှာ (၂၃၂) အိမ်ထောင်စု၊ အလွန်နွမ်းပါးသောအုပ်စုမှာ (၉၀) အိမ်ထောင်စု သတ်မှတ်ခဲ့သည်။
- နွမ်းပါး၊ အလွန်နွမ်းပါးသော အကြောင်းအရင်းများမှာ လက်လုပ်လက်စားများခြင်း၊ ပုံမှန်ဝင်ငွေရရှိရန်အတွက် အလုပ်အကိုင်ရှားပါးခြင်း၊ ဗဟုသုတနည်းပါးခြင်း။
- အစီအစဉ်ရေးဆွဲရာတွင် နွမ်းပါးသူများ၏ အားလပ်ချိန်တွင်ရေးဆွဲခြင်း၊ နွမ်းပါးသောသူ များနှင့် ကျေးရွာလူထု၏ သတ်မှတ်သောအဆင့်များ၊ ၄င်းတို့၏လိုအပ်ချက်များကို ဦးစားပေးစဉ်းစားရေး ဆွဲခဲ့သည်။
- ကျေးရွာ၏အခြေခံအဆောက်အဦးများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများရေးဆွဲအကောင်အထည် ဖော်လုပ်ငန်းများတွင် ကျေးရွာလူထုနွမ်းပါးသူများ ဝင်ရောက်လုပ်ကိုင်ခြင်းဖြင့် လုပ်အားခရရှိပြီး ဝင်ငွေများရရှိလာမည် ဖြစ်သည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကျေးရွာတွင် လုပ်ကိုင်ခြင်းဖြင့် ကျေးရွာလူထုမှ အချိန်ကုန်မှုများလျော့လာပြီး ဖွံ့ဖြိုးတိုးတက်လာ မည်ဖြစ်သည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ခြင်း

၆။(၁) <u>ရာသီခွင်ပြပြက္ခဒိန်နှင့် သုံးသပ်ချက်။</u>





ရာသီခွင်ပြပြက္ခဒိန်

ရာသီခွင်ပြဇယားမှဆန်းစစ်မှုရလဒ် (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

- သောက်သုံးရေးဖူလုံမှုမှာ ကျေးရွာတစ်ရွာလုံးအနေဖြင့် ဖူလုံမှုရှိသည်။
- လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ကျေးရွာတွင် လမ်းမှာ မြေသားလမ်းဖြစ်သည်။ ကျေးရွာနှင့် အခြားကျေးရွာများသို့ဆက်သွယ်ရာတွင် လမ်းမှာ ကောင်းမွန်မှုမရှိ၊( မိုးတွင်းရာသီများတွင် ခက်ခဲမှုမရှိ)
- အခြားလုပ်ငန်းများမှ ဝင်ငွေလုံလောက်မှုမရှိ(လက်လုပ်လက်စားများပြား)။
- အမျိုးသားများမှ တာဝန်ယူခွဲယူမှုနှင့် ကျား/မရေးရာ သိမြင်လာအောင် ဆွေးနွေး၊(အိမ်တွင်းမှုပိုင်းတွင် အမျိုးသားများတာယူရာတွင် အမျိုးသမီးများအတွက်ဝင်ငွေရရှိနိုင်၊)
- တန်းတူညီမျှမှုနှင့် သာတူညီမျှအကြောင်းဆွေးနွေး၍ ဝင်ငွေတိုးစေခြင်းကို ဆွေးနွေး။
- ကျန်းမာရေးမှာ ထူးခြားသောရောဂါ များမရှိ၊ ရာသီအကူးအပြောင်းများတွင် ကျန်းမာရေး မကောင်း၊ ကလေးငယ်များအတွက် ကျန်းမာရေးစောင့်ရှောက်မှုများမရှိ၊ ကဆုန်၊ နယုန်၊ တော်သလင်း ရာသီအကူးအပြောင်းများတွင် နာစေး၊ ချောင်းဆိုး၊ တုတ်ကွေး ရောဂါများဖြစ်ပွားတတ်သည်။ ကျန်းမာရေးအရေးပေါ် ကြုံတွေ့ရလျှင် ဘက်ရဲ ပြည်သူ့ဆေးရုံတွင် သွားရောက်ပြသကြသည်။
- ရာသီဥတုမှာ မုန်တိုင်းများကျရောက်ချိန်မှလွဲ၍ ကျန်အချိန်များတွင် ပုံမှန်လည်ပတ်လျှက်ရှိပါသည်။
- စိုက်ပျိုးရေးလုပ်ငန်းများအဖြစ် လယ်ယာစိုက်ပျိုးရေး၊ မတ်ပဲစိုက်ပျိုးရေးများအပြင် မြေပဲစိုက်ပျိုးခြင်းများကိုလည်း ရာသီအလိုက်စိုက်ပျိုးလုပ်ကိုင်ကြပါသည်။
- ကျေးရွာ၏အဓိက ဝင်ငွေရလမ်းမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်၍ ပုံမှန်မရှိဝင်ငွေသီးသန့်ဟုမဖော်ပြနိုင်ပါ။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ခြင်း

**<u>၆။(ဃ)ပင့်ကူအိမ်နှင့် သုံးသပ်ချက်</u>**





ပင့်ကူအိမ်ကွန်ယက်


ပင့်ကူအိမ်သုံးသပ်ခြင်း၊ ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

- အုပ်ချုပ်ရေးပိုင်းတွင် အမျိုးသားများကသာ ဦးဆောင်နေသည်ကိုတွေ့ရသည်။
- အိမ်တွင်းမှုလုပ်ငန်းများကို အမျိုးသမီးများကသာ ဦးစီးဆောင်ရွက်နေပါသည်။
- အဖွဲ့အစည်းပူးပေါင်းပါဝင်မှုတွင် အမျိုးသားများက ၈၀% နှင့် အမျိုးသမီးများကလည်း ၈၀% ပါဝင်နေသည်ကိုတွေ့ရှိရပါသည်။
- ပညာရေးတွင်လည်း တန်တူညီစွာအခွင့်အရေးရရှိနေသည်ကို တွေ့ရပါသည်။
- ယုံကြည်မှု/လုံခြုံမှုတွင် အမျိုးသားနှင့် အမျိုးသမီးများ ရာခိုင်နှုန်းတစ်ဝက်ကွာခြားနေသည်ကို တွေ့ရှိရပါသည်။
- ကျန်းမာရေးစောင့်ရှောက်မှုတွင် အမျိုးသမီးများကသာ ဦးဆောင်နေသည်ကိုလည်း တွေ့ရှိရပါသည်။
- စီးပွားရေးရှာဖွေနိုင်မှုတွင် အမျိုးသမီးများနှင့် အမျိုးသမီးများ အနည်းငယ်သာကွာခြားသည်ကိုတွေ့ရှိရပါသည်။
- ဘာသာရေးတွင်လည်း ထို့နည်းတူစွာပင် တွေ့ရှိမှတ်သားရပါသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ခြင်း

၆။(င) <u>အရင်းအမြစ်များအပေါ် အသုံးပြုမှု၊ ပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှုအပေါ် သုံးသပ်ချက်</u>






အရင်းအမြစ်များအပေါ် အသုံးပြုမှုနှင့်ထိန်းချုပ်မှုပြပုံ

**<u>အရင်းအမြစ်ထိန်းချုပ်မှုနှင့်ပိုင်ဆိုင်မှု (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)</u>**

- အမျိုးသမီးများပါဝင်ဆွေးနွေးခြင်း၊ ဆုံးဖြတ်ချက်ချခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့တွင် ပစ္စည်းများအား အမျိုးသားများနှင့်တန်းတူပိုင်ဆိုင်နိုင်ကြောင်းတွေ့ရှိရသည်။ အိမ်တွင်းမှုပစ္စည်းများနှင့် အိမ်မွေးတိရိစ္ဆာန်များကိုသာ အမျိုးသမီးများက အသုံးပြုကြသည်ကိုသာတွေ့ရှိရသည်။
- အိမ်တွင်းမှုပစ္စည်းများကိုသာ အမျိုးသမီးသီးသန့် အသုံးပြုသည်ကိုတွေ့ရှိရပြီး၊ လယ်ထွန်စက်၊ ရိတ်သိမ်းခြွေလှေ့စက်၊ သုံးဘီးဆိုင်ကယ်၊ လှည်း၊ နွားကဲ့သို့သော လုပ်ငန်းသုံးပစ္စည်းများကို အမျိုးသားများ သီးသန့်အသုံးပြုကြသည်။ အမျိုးသမီးများအနေဖြင့် အမျိုးသားများနှင့်အတူ ပိုင်ဆိုင်မှု တူညီနည်းပါးကို တွေ့ရှိခဲ့ရပါသည်။
- လယ်ယာ၊ ကိုင်း၊ တောင်ယာ၊ ဆိုင်ကယ်၊ ချောင်း၊ ရေတွင်း၊ ဝါးခြံကဲ့သို့သော ပစ္စည်းများကို အမျိုးသားနှင့် အမျိုးသမီးများ တူညီစွာအသုံးပြုကြပါသည်။
- အရင်းအမြစ်များအား ထိန်းချုပ်ခြင်း၊ ဆုံးဖြတ်ချက်ချခြင်းတို့တွင် အမျိုးသမီးများသည်လည်း အမျိုးသာများထက်အနည်းငယ် နိမ့်ကျနေသည်ကိုတွေ့ရှိရပါသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ခြင်း

**၆။(စ) <u>အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံနှင့်သုံးသပ်ချက်</u>**





**အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ**

**အဖွဲ့အစည်းချိတ်ဆက်ပြပုံ (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)**

- ကျေးရွာရှိ အုပ်ချုပ်ရေးပိုင်းသည် ကျေးရွာအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အုပ်ချုပ်ရေးပိုင်းများကို အဓိကဦးဆောင်ပြုလုပ်ကြသည်။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်မြို့နယ် အုပ်ချုပ်ရေး မှူးနှင့် လည်းပူးပေါင်း၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို လည်း လုပ်ဆောင်ကြသည်။
- အမျိုးသားများပါဝင်သည့် မီးသတ်အဖွဲ့မှာလည်း ဘက်ရဲမီးသတ်ဌာနဖြင့် ဆက်သွယ်၍အဖွဲ့များ ဖွဲ့စည်းထားသည်။
- အမျိုးသားများနှင့် အမျိုးသမီးများ ပါဝင်သည့် လူထုဗဟိုပြု စီမံကိန်း ကော်မတီအဖွဲ့မှာလည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာလူထုနှင့်အတူ ပူပေါင်းဆောင်ရွက်၍ လုပ်ဆောင်ကြသည်။
- ကြံခင်းမြို့နယ် World Vision အဖွဲ့နှင့် ချိတ်ဆက်၍ ငွေစုငွေချေးလုပ်ငန်း၊ ကလေးငယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ရပ်ရွာဖွံ့ဖြိုးလုပ်ငန်းများ၊ ပညာရေးထောက်ပံ့ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးနှင့်ပတ်သက်၍ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ထားရှိပြီး မြို့နယ်အဆင့်ဖြင့်ချိတ်ဆက်လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိရပါသည်။
- ဘာသာရေးနှင့်ပတ်သက်၍ ဓမ္မစကူးလ်အဖွဲ့၊ ဂေါပကအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်ကိုလည်း တွေ့ရှိရပါသည်။
- ခရစ်ယာန်ဘာသာရေးအဖွဲ့အစည်းလည်းရှိပြီး ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ခြင်း

၆။(ဆ) <u>အမျိုးသမီး၊ အမျိုးသားအုပ်စုများ၏ အခက်အခဲ ပြဿနာများကိုသုံးသပ်ချက်။</u>




အခက်အခဲ ပြဿနာများ

အမျိုးသားများမှ တင်ပြသောအခက်အခဲ/ပြဿနာများ


- လျှပ်စစ်မီးမရှိသည့်အခက်အခဲ
- ကမ်းပါးပြိုသည့်အခက်အခဲ
- မြေနေရာရှားပါးသည့်အခက်အခဲ
- လမ်းပန်းဆက်သွယ်ရေး မကောင်းမွန်ခြင်း
- ကျန်းမာရေးစောင့်ရှောက်မှုအားနည်းသည့်အခက်အခဲ

အမျိုးသမီးများမှ တင်ပြသောအခက်အခဲ/ပြဿနာများ

- လမ်းပန်းဆက်သွယ်ရေး မကောင်းမွန်ခြင်း
- ကမ်းပါးပြိုသည့်အခက်အခဲ
- လျှပ်စစ်မီးမရှိသည့်အခက်အခဲ
- ကမ်းပါးပြိုသည့်အခက်အခဲ
- လမ်းတံတားကောင်းမွန်မှုမရှိခြင်း

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ခြင်း

၆။(၁) <u>ကျေးရွာမျှော်မှန်းချက် နှင့်သုံးသပ်ချက်။</u>




**ကျေးရွာမျှော်မှန်းချက်များ**

အမျိုးသားများမှ တင်ပြသော မျှော်မှန်းချက်များ


- ခိုင်ခံ့ကောင်းမွန်သောတံတားတစ်စင်း
- မီးသတ်ရုံတစ်ရုံ
- တိုက်နယ်ဆေးရုံ
- ကတ္တရာလမ်းလိုချင်ပါသည်
- ကောင်းမွန်သန့်ရှင်းသောသောက်သုံးရေရရှိချင်ပါသည်။

အမျိုးသမီးများမှ တင်ပြသော မျှော်မှန်းချက်များ

- ကွန်ကရစ်လမ်းဖြစ်ချင်ပါသည်
- ကွန်ကရစ်တံတားဖြစ်ချင်ပါသည်။
- တိုက်နယ်ဆေးရုံလိုချင်ပါသည်။
- အထက်တန်းကျောင်းဖြစ်ချင်ပါသည်။
- ခေတ်မှီပြည့်စုံသော မူလတန်းကျောင်းရှိစေချင်ပါသည်။
- ရဲစခန်းလိုချင်ပါသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊ အကဲဖြတ်ခြင်းလုပ်ငန်း စဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ခြင်း

၆။(စျ) ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်မှုများနှင့် သုံးသပ်ချက်။





ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းလိုအပ်ချက်များ

**အမျိုးသား/အမျိုးသမီးများမှ တင်ပြသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ**

- အ.ထ.က ကျောင်းခြံစည်းရိုး
- အ.မ.က ကျောင်းခြံစည်းရိုး
- မြေသားနံရံပြုပြင်ခြင်း
- ရေနံတောင်-ကံကုန်း ရေတွင်း၊ ရေကန်၊ ရေစက်
- ကျွန်းတောကုန်း စက်ရေတွင်း၊ ရေကန်၊ ရေစက်
- ကျွန်းတောကုန်း-ကွက်သစ် ရွာတွင်းချောင်းကျောက်လမ်း
- ချောင်းရေကာတာ
- ငွေစုငွေချေးလုပ်ငန်း
- စိုက်ပျိုးရေးနည်းပညာသင်တန်း

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊ အကဲဖြတ်ခြင်းလုပ်ငန်း စဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ခြင်း

**၆။(ည) <u>ကျေးရွာဦးစားပေးလုပ်ငန်းများအဆင့် သတ်မှတ်ချက်</u>**




**ကျေးရွာဦးစားပေးလုပ်ငန်းပြပုံ**


၇။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံ



အုပ်ချုပ်ရေးမှူးမှအဖွင့်အမှာစကားပြောကြားနေပုံ



၈။ကော်မတီဝင်များစာရင်း


ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီဝင်စာရင်း
စဉ်
အဖွဲ့
ရာထူး
အမည်
ဥက္ကဋ္ဌ
ဥက္ကဋ္ဌ
ဝယ်ယူရေး ဆပ်ကော်မတီ
ခေါင်းဆောင်
အဖွဲ့ဝင်
အဖွဲ့ဝင်
ခေါင်းဆောင်
အဖွဲ့ဝင်
အဖွဲ့ဝင်
ခေါင်းဆောင်
အဖွဲ့ဝင်
အဖွဲ့ဝင်
စာရင်းကိုင်
အကြံပြုတိုင်ကြား
အဖွဲ့ဝင်
အဖွဲ့ဝင်
အဖွဲ့ဝင်
အဖွဲ့ဝင်

## ၉။ကျေးရွာအခြေခံအချက်အလက်များ (ပုံစံ-၁)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

*လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးစိုးဝင်း | 09-796823066 | ဦးညီညီကျွင် |

| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| မကွေးတိုင်း | ချောက် | ရေနံတောင် | ရေနံတောင် |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၁၉၉ | ဘာသာ (၁) ဗုဒ္ဓ | ၂၂၆ |
| လူမျိုးစု (၂) ချင်း | ၃၄ | ဘာသာ (၂) ခရစ်ယာန် | ၁၄၇ |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | ၁၄၄ | ဘာသာရော ----------- | ၈ |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၁၈ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ကျား = ၂၈<br>မ = ၃၆ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၆၆၇ | ၇၉၅ |
| လူမျိုးစု (၁)--ဗမာ-- | ၅၅၇ | ၆၀၇ |
| လူမျိုးစု (၂)--ချင်း-- | ၉၈ | ၁၆၅ |
| လူမျိုးစု (၃)--ကရင်-- | ၁၂ | ၂၃ |
| အိမ်ထောင်ဦးစီး | ၃၂၄ | ၅၃ |

**(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ**

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☑ | | ဆေးရုံ | ☐ | | စေတီ | ☑ |
| | အလယ်တန်းကျောင်း | ☑ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☑ |
| | မူလတန်းကျောင်း | ☑ | | ကျန်းမာရေးဌာနခွဲ | ☑ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☐ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☑ |

| | | | | | |
|---|---|---|---|---|---|
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

**(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)**

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမာရေး | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☑ |
| အထက်တန်းပြဆရာ/မ | ☑ | ☑ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☑ |
| အလယ်တန်းပြဆရာ/မ | ☑ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☑ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☑ | ☑ | ရေပိုက်သွယ်သူ | ☑ | ☑ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☑ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ____________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — **[ရှိပါသည်]**/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်-၂၀၀၄/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — **[ပြုခဲ့ပါသည်]**/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်----------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျှင်/လှည်း/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန်--------------------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျှင်/လှည်း/မော်တော်ဘုတ်/ အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ --၂၀၀၆ ခုနှစ်-----------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) World Vision

(၂) ----------------------------------

ကျေးရွာခေါင်းဆောင် အမည် [illegible]

လက်မှတ် [signature] နေ့စွဲ ၁၀.၁၀.၂၀၁၇

လူထုစည်းရုံးရေးမှူး အမည် [illegible]

လက်မှတ် [signature] နေ့စွဲ ၁၀.၁၀.၂၀၁၇

၁၀။စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

## ပုံစံ - ၈ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။

| | | | |
|---|---|---|---|
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် | ဒေါ်မေစိုးချစ်၊ ဒေါ်ဖြိုးရွှေစင်၊ ဦးသက်ပိုင်စိုး | | |
| နေ့စွဲ ၂၀.၉.၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း (၄) | | |
| ~~ခြိုင်နယ်~~/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ရေနံ့တောင် | ကျေးရွာ ရေနံ့တောင် |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း ဖိတ်ဆက်အစည်းအဝေး | 20.9.2017 | 20.9.2017 | ၅၀ | ၃၀ | ၈၀ | ၆၃၊၂၊၁၅ / ဗမာ၊ ကရင်၊ ချင်း |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 20.9.2017 | 20.9.2017 | ၅၀ | ၃၀ | ၈၀ | ၆၃၊၂၊၁၅ / ဗမာ၊ ကရင်၊ ချင်း |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 24.10.2017 | 24.10.2017 | ၃၂ | ၁၉ | ၅၁ | ၄၇၊၁၊၃ / ဗမာ၊ ကရင်၊ ချင်း |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | - |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | - |

လူထုဝဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ပေါ်လူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | - - |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | - - |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | - - |
| ၇။ စီမံကိန်းလုပ်ငန်းစဉ် တိုးတက်မှု စောင့်ကြည့်အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | - - |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | - - |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | - - |
| ၈။ စီမံကိန်းလုပ်ငန်းစဉ် အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | - - |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | - - |

## ၁၁။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်  အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အသေးစိတ်အပေါ် ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည်  ဒေါ်ဖမ်းစိုးချစ် ၊ ဒေါ်ဘီရွှေစင် |
| နေ့စွဲ  ၂၀.၉.၂၀၁၇ — စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☑ စက်ဝန်း(၃) ☐ စက်ဝန်း(၄) |
| ~~ပြည်နယ်~~/တိုင်း ဧရာဝတီ — မြို့နယ် - ကြံခင်း — ကျေးရွာအုပ်စု - ရေနံတောင် — ကျေးရွာ - ရေနံတောင် |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | ရေပေးဝေမှုအဆင်မပြေသည့် အခက်အခဲ | ၁ | ကျန်းမာရေး စောင့်ရှောက်မှု နည်းပါးခြင်း |
| ၂ | လမ်းပန်းဆက်သွယ်ရေး မကောင်းခြင်း | ၂ | အလုပ်အကိုင် အခွင့်အလမ်း နည်းပါးခြင်း |
| ၃ | ဈေးကွက် အခက်အခဲ | ၃ | ကျောင်းသားများ ပညာရေးမှ နည်းပါးခြင်း |
| ၄ | ကျောင်းသားများ ပညာရေး အားနည်းပါသည်. | ၄ | လမ်းတံတားများ ကောင်းမွန်မှု နည်းခြင်း, |
| ၅ | ကျန်းမာရေး စောင့်ရှောက်မှု အခက်အခဲ | ၅ | ချောင်းကူးတံတား မရှိသည့် အခက်အခဲ |
| ၆ | ချောင်းကူးတံတား မရှိသည့် အခက်အခဲ | ၆ | ရေပေးဝေမှုအဆင်မပြေသည့် အခက်အခဲ |
| ၇ | | ၇ | |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | ကျေးရွာ ဆေးခန်း ရှိစေလိုသည် | ၁ | အထက်တန်း ကျောင်း ဖွင့်လှစ်စေလိုပါသည် |
| ၂ | ချောင်းကူးတံတား ဆောက်လုပ်ပေးစေချင် | ၂ | ကျေးရွာ ဆေးခန်း ဖြစ်စေချင် , |
| ၃ | ကျေးရွာလမ်းများ ဖြစ်စေချင် . | ၃ | ကျေးရွာလမ်း တံတား ဖြစ်စေချင်. |
| ၄ | မီးလာစေချင်. | ၄ | ဆေးရုံ ... ကျောင်းများ ဖြစ်စေချင်. |
| ၅ | ကျောင်း ... ရစေချင်. | ၅ | ရေ စက် ရစေချင် |
| ၆ | | ၆ | ကျေးရွာလမ်းများ ဖြစ်စေချင် . |
| ၇ | | ၇ | |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေ အတွက် |
|---|---|---|---|---|
| ၁ | [illegible] | ကျား+မ | ၈၈ သိန်း | ၁၅၆၀ |
| ၂ | [illegible] | ကျား+မ | ၆၅ သိန်း | ။ |
| ၃ | [illegible] | ကျား+မ | — | ။ |
| ၄ | [illegible] | ကျား+မ | ၅၀ သိန်း | ။ |
| ၅ | [illegible] | ကျား | ၂၅ သိန်း | ။ |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ချောင်းရေကာတာ | ကျား+မ | |
| ၂ | [illegible] | ကျား+မ | |
| ၃ | [illegible] | ကျား | |
| ၄ | | | |
| ၅ | | | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---[illegible]--- လက်မှတ် ------ နေ့စွဲ ---၂၀-၉-၂၀၁၇---

၁၂။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၁)

**ပုံစံ - ၁ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)**

*လမ်းညွှန်ချက်။* စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

| | | | |
|---|---|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် | ဦးသက်တိုင်ဦး၊ ဒေါ်မေရိုးချဉ်၊ ဒေါ်အိကြေ့စင် | | |
| နေ့စွဲ | ၂၄.၁၀.၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☑စက်ဝန်း(၃) ☐စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း | ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ရေနံတောင် |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ်: စီမံကိန်းမှထည့်ဝင်မှု | ကျေးရွာမှထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| လက်ပံခုံ | ဘက်စုံသုံး ခန်းမဆောင် | ၂၀'×၃၀'×၁၂' | ၁၆၁ | ☐ကျား ☐မ ☑ကျား+မ | ၇၇ သိန်း | | | | ၇၇ သိန်း |
| ရေငံ | ဘက်စုံသုံး ခန်းမဆောင် | ၂၀'×၃၀'×၁၂' | ၂၉၁ | ☐ကျား ☐မ ☑ကျား+မ | ၇၇ သိန်း | | | | ၇၇ သိန်း |
| ကျည်တိုင်ကွင်း | ရိုးပေါက် (၃၇၃) | (၁၂'×၉'×၅') ×၃ | ၃၁၆ | ☐ကျား ☐မ ☑ကျား+မ | ၆၀ သိန်း | | | | ၆၀ သိန်း |
| ရွှေတောက်ကုန်း | ချောင်းကူး တံတား (ကွန်ကရစ်) | ၁၈'×၈'×၇' | ၂၂၁ | ☐ကျား ☐မ ☑ကျား+မ | ၅၃ သိန်း | | | | ၅၃ သိန်း |
| ရေနံတောင် | ၈.မ.က ကျောက်ခြ ခင်းရိုး | ၁၃၁၅' | | ☐ကျား ☐မ ☑ကျား+မ | ၇၃ သိန်း ၄၆၀၀၀ | | ၆ သိန်း ၅၄၀၀၀ | | ၈၀ သိန်း |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဌ    အမည် လက်မှတ် ရက်စွဲ

လူထုဗဟိုပြုပီစီမံကိန်း၊စီမံကိန်းလက်ခွဲ

အပိုင်း-၃ ၂၉.၉.၂၀၁၅

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| နောင်ချမ်း မာလာ | ရွာတွင်း ချောင်းကျောက် လမ်းခင်းခြင်းနှင့် ဂူးပေါက်(၂)ခု | ၂၈၅၀'x၁၂'x၄" ၈'x၈'x၃' ၁၇'x၅'-၅'x၃' | ၁၅၆ | ☐အမျိုးသား ☐အမျိုးသမီး ☑အမျိုးသားနှင့်အမျိုးသမီး | ၅၂ ဒိုင်း | | | ၅၂ ဒိုင်း |
| ချောင်းဝိုင်း | ချောင်းကျောက် လမ်းခင်းခြင်း | ၂၅၈၅'x၁၂'x ၄" | ၁၄၅ | ☐အမျိုးသား ☐အမျိုးသမီး ☑အမျိုးသားနှင့်အမျိုးသမီး | ၅၀ ဒိုင်း | | | ၅၀ ဒိုင်း |
| | | | | ☐အမျိုးသား ☐အမျိုးသမီး ☐အမျိုးသားနှင့်အမျိုးသမီး | | | | |
| | | | | ☐အမျိုးသား ☐အမျိုးသမီး ☐အမျိုးသားနှင့်အမျိုးသမီး | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် ဦးအုန်းဝင်း

လက်မှတ် (signature) ရက်စွဲ ၂၄.၁၀.၂၀၁၇

အစည်းအဝေးမှတ်တမ်း
ကြံခင်းမြို့နယ်၊ ရေနံတောင်အုပ်စု၊ ရေနံတောင်ကျေးရွာ
ပထမအကြိမ်အစည်းအဝေးမှတ်တမ်း

ရေနံတောင်ကျေးရွာတွင် ပထမအကြိမ်ကျေးရွာအစည်းအဝေးကို (၂၈.၉.၂၀၁၇) နေ့လည် ၂း၀၀ နာ ရီတွင် စတင်၍ ကျေးရွာရပ်မိရပ်ဖအား အဖွင့်အမှာစကားပြောကြားခြင်း။
-ဝန်ထမ်းများမှမိတ်ဆက်စကားပြောကြားခြင်း။ (၂း၀၀) ဦးသက်ပိုင်ဦး
-ကျေးရွာစီ/ထောက်ကော်မတီများအား မိတ်ဆက်ခြင်း။
-ကျေးရွာလူထုအနေဖြင့် စီမံကိန်းအား မိတ်ဆက်ခြင်း။ (၂း၃၀) ဦးသက်ပိုင်ဦး
-စီမံကိန်းအကြောင်း ကျေးရွာလူထုနှင့် ဆွေးနွေးမေးမြန်းခြင်း။
-စီမံကိန်းစက်ဝန်းအား ကျေးရွာလူထုအား ရှင်းပြခြင်း။(၂း၄၅) ဒေါ်မေစိုးချစ်
-ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးအကြောင်း ရှင်းပြခြင်း။(၃း၀၀)
-ကျား/မရေးရာ ကဏ္ဍအား ဆွေးနွေးတိုင်ပင်ခြင်း။(၃း၁၅) ဒေါ်မေစိုးချစ်
-ဆောင်ရန်ရှောင်ရန်များကို ရှင်းပြခြင်း။
-စီမံကိန်းတွင် အဓိကပါဝင်သူများကို ကျေးရွာလူထုသိရှိအောင် ဆွေးနွေးတိုင်ပင်ပြီး ကျေးရွာလူထု အား အဓိကပါဝင်သူများ၏ တာဝန်ဝတ္တရားများကို ရှင်းပြခြင်း။ (၃း၃၀) ဦးသက်ပိုင်ဦး
လူမှုဆန်းစစ်ချက်များဖြစ်သည့်-

- လူမှုနှင့်သဘာဝအရင်းအမြစ်ကို ကျေးရွာလူထုနှင့်ဖော်ထုတ်ခြင်း။ ဦးသက်ပိုင်ဦး
- အဖွဲ့အစည်းချိတ်ဆက်ပြပုံကို ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခြင်း။ ဒေါ်မေစိုးချစ်
- ပင့်ကူအိမ်သုံးသပ်ချက်ကို အမျိုးသမီးများအား သီးသန့်တစ်ဝိုင်းဖွဲ့ပြီးဆွေးနွေးပြီး အမျိုးသား များကိုလည်း ဝိုင်းဖွဲ့ဆွေးနွေးခဲ့သည်။ ဒေါ်မေစိုးချစ်
- အရင်းအမြစ်များအသုံးပြုမှု/ထိန်းချုပ်မှုကို ကျေးရွာလူထုနှင့်အတူ ဆွေနွေးဖော်ထုတ်ခဲ့သည်။ ရာသီခွင်ပြပြက္ခဒိန်ကို ဖော်ထုတ်ဆွေးနွေးခြင်း။ ဒေါ်မေစိုးချစ်
- ဥစ္စာဓနအဆင့်သတ်မှတ်ချက်ကို ဆွေးနွေးခြင်း။ ဦးသက်ပိုင်ဦး

လူမှုဆန်းစစ်ချက်များကို ပြုလုပ်ပြီးသည့်နောက်တွင် ကျေးရွာလူထုအား ပြန်လည်အနှစ်ချုပ်ရှင်းပြ၍ ပထမအကြိမ်ကျေးရွာအစည်းအဝေးအား ပြီးဆုံးသည့်။

ပထမအကြိမ်ကျေးရွာအစည်းအဝေးပြီးဆုံး

********************

အစည်းအဝေးမှတ်တမ်း

ကြံခင်းမြို့နယ်၊ ရေနံတောင်အုပ်စု၊ ရေနံတောင် ကျေးရွာ

လူထုဗဟိုပြုစီမံကိန်း(ဒုတိယနေ့အစည်းအဝေး)( ၂၃.၉.၂၀၁၇)

ရေနံတောင်ကျေးရွာတွင် ဒုတိယအကြိမ်အစည်းအဝေးကို ပထမအကြိမ်အစည်းအဝေးနှင့်အတူ ( ၂၀.၉.၂၀၁၇)ရက်နေ့ နေ့လည် ၃း၄၅ နာရီတွင် တစ်ရက်တည်း ဆက်လက်ကျင်းပခဲ့သည်။ ထို့နောက် ပြုလုပ်ခဲ့သော လူမှုဆန်းစစ်ခြင်းများကို ပြန်လည်အနှစ်ချုပ်ဆွေးနွေးခြင်း။ ဦးသက်ပိုင်ဦး (၁း၃၀)

လူမှုဆန်းစစ်ခြင်းများကို အနှစ်ချုပ်ပြီးနောက်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် မည်သည့်အခက်အခဲများက တားဆီးနေသလဲဟူသည်ကို အမျိုးသား/အမျိုးသမီး ဝိုင်းဖွဲ့ပြီး ဆွေးနွေးခဲ့ကြသည်။ (၄း၀၀)

ကျေးရွာပြည်သူလူထုရှိ မိမိကျေးရွာအပေါ်တွင်ထားရှိသော မျှော်မှန်းချက်များကို အမျိုးသား/အမျိုးသမီး ဝိုင်းဖွဲ့ပြီး ဆွေးနွေးခဲ့ကြသည်။ ကျေးရွာတွင် ရေရရှိရေးကို ဦးစားပေးပြီး မျှော်မှန်းထားကြောင်းတွေ့ရှိရ သည်။ (၄း၁၅)

ညောင်ဝိုင်းကျေးရွာ ကော်မတီကိုဖွဲ့စည်းနိုင်ခဲ့သည်။ ကော်မတီများကိုလည်း အများအဆိုပြုစနစ်ဖြင့် ရွေးချယ်ခဲ့ပါသည်။ ကော်မတီများဖွဲ့စည်းပြီးနောက်ပိုင်းတွင် ကျေးရွာတွင်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးပြီး ဖော်ထုတ်ခဲ့ကြ သည်။

- ❖ စီမံကိန်းတွင်လူမှုအကာအကွယ်နှင့်သဘာဝအကာအကွယ်များကို ရှင်းပြခြင်း။ ဒေါ်အိရွှေစင်
- ❖ စီမံကိန်းတွင် အကျုံးဝင်/မဝင်ကို ရှင်းပြခြင်း။ ဒေါ်အိရွှေစင်
- ❖ ဦးစားပေးလုပ်ငန်းများကိုလည်း ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခဲ့ကြသည်။
- ❖ ကော်မတီများအား လက်မှတ်ရေးထိုးခြင်းနှင့် ဓာတ်ပုံမှတ်တမ်းတင်ပြီး အစည်းအဝေးအားပိတ်သိမ်းခဲ့ သည်။

*********************************************

## ၁၄။ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | အ.မ.က ကျွန်းတောကုန်းကျောင်းခြံ စည်းရိုး | ကျား မ | ၂၀၁၈ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၂ | အ.ထ.က ကျောင်းခြံစည်းရိုး | ကျား မ | ၂၀၁၈ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၃ | မြေသားနံရံပြုပြင်ခြင်း | ကျား မ | ၂၀၁၈ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၄ | အ.မ.က ကျွန်းတောကုန်း စက်ရေတွင်း၊ ရေစင်၊ရေစက်ရုံ | ကျား မ | ၂၀၁၈ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၅ | ကျွန်းတောကုန်း-ကွက်သစ် ရွာတွင်း လမ်း | ကျား | ၂၀၁၈ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| အသက်မွေးဝမ်းကြောင်း/စိုက်ပျိုးရေး | ၁ | စိုက်ပျိုးရေးနည်းပညာသင်တန်း | ကျား | ၂၀၁၈ | | စိုက်ပျိုးရေး၊မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ကျန်းမာရေးနှင့်လူမှုရေး | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ပညာရေး | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| အခြား | ၁ | ငွေစုငွေချေးလုပ်ငန်း | ကျား မ | ၂၀၁၈ | | ကျေးလက်ဦးစီးဌာန |
| | ၂ | ချောင်းရေကာတာ | ကျား မ | ၂၀၁၈ | | စိုက်ပျိုးရေး၊မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန |
| | | | | | | |
| | | | | | | |
| | | | | | | |